ISO 9001:2015 CERTIFIED

## မှတ်ပုံတင်လက်မှတ်ရရှိထားသော သင်တန်းကျောင်းများ လိုက်နာရမည့်စည်းကမ်းချက်များ

၁။ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) မှ အတည်ပြုထားသည့် ကျွမ်းကျင်မှု "စံ" များရှိသည့် အလုပ်အကိုင်များမှ အနည်းဆုံးတစ်ခုကို Competency Based Curriculum နှင့်အညီ လေ့ကျင့်သင်ကြားရမည်ဖြစ်ပြီး သင်တန်းအမျိုးအစားပေါ်မူတည်၍ ပြင်ပသင်တန်း အမျိုးအစား (၃) ခုလျှင် NSSA မှ အတည်ပြုထားသည့် အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" ပါ သက်မွေးပညာကျွမ်းကျင်မှုသင်တန်းတစ်ခု အချိုးဖြင့် လေ့ကျင့်သင်ကြားရမည်။

၂။ သင်တန်းကျောင်းများသည် NSSA Logo အသုံးပြုခွင့်ရရန် NSSA မှ အတည်ပြုထားသော Competency Based Curriculum ဖြင့် သင်ကြားရမည်။ NSSA အခြေပြုသင်ရိုးညွှန်းတမ်း မသင်ကြားပါက NSSA Logo အသုံးပြုခွင့်မပြု။

၃။ NSSA အသိအမှတ်ပြု သင်တန်းကျောင်းအနေဖြင့် သင်တန်းအမျိုးအစားအလိုက် ဆက်စပ် ဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် လုပ်ငန်းခွင်များမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ များအား Gusest Lecture အနေဖြင့် အခါအားလျော်စွာ ဖိတ်ခေါ်၍ သင်ကြားရမည်။

၄။ သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် Competency Standard များနှင့် Syllabus များကို ကျွမ်းကျင်နိုင်နင်းစွာ သင်ကြားပြသပေးနိုင်သော သင်တန်းနည်းပြဆရာ (Master Trainer) များ လုံလောက်စွာ ရှိရမည်။

၅။ သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်ပြည့်စုံစွာ ထိန်းသိမ်းထား ရမည်။

၆။ သင်တန်းကျောင်းမှ တစ်နှစ်လျှင် အနည်းဆုံး သင်တန်းသား (၂၀၀) ဦးကို ပို့ချရမည်။

၇။ သင်တန်းသားနှင့် သင်တန်းဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုထားရမည်။

၈။ သင်တန်းဖွင့်လှစ်မှုကို လစဉ် လဆန်း (၅) ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာအလုပ်အကိုင် ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီသို့ လိပ်မူပြီး NSSA နှင့် အလုပ်အကိုင် ဆိုင်ရာ လေ့ကျင့်ရေးကော်မတီသို့ ပေးပို့ရမည်။

၉။ သင်တန်းဖွင့်လှစ်မှု အစီရင်ခံစာကို သင်တန်းဆင်းပြီး (၇) ရက်အတွင်း သက်ဆိုင်ရာ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီသို့ လိပ်မူ၍ NSSA နှင့် အလုပ်အကိုင်ဆိုင်ရာ လေ့ကျင့်ရေးကော်မတီသို့ ပေးပို့ရမည်။

၁၀။ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးရန် သက်တမ်းမကုန်မီ (၃) လ ကြိုတင်၍ လျှောက်ထားရမည်။

၁၁။ သက်တမ်းတိုးလျှောက်ထားရာတွင် သတ်မှတ်ပုံစံအတိုင်း ပြည့်စုံစွာဖြည့်စွက်၍ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ်(မိတ္တူ)နှင့်တကွ ပူးတွဲတင်ပြ လျှောက်ထားရမည်။

၁၂။ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပြီး (၃) လကျော်သည်ထိ သက်တမ်းမတိုးလျှင် သင်တန်းကျောင်းမှတ်ပုံတင်ခြင်းမှ အလိုအလျောက် ပယ်ဖျက်ပြီး ဖြစ်မည်။

၁၃။ သင်တန်းကျောင်းအဖြစ် ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက အသိအမှတ်ပြုမှတ်ပုံတင် လက်မှတ်ကို ပြန်လည်အပ်နှံရမည်။

၁၄။ သင်တန်းကျောင်းများအနေဖြင့် လိပ်စာပြောင်းရွှေ့ဖွင့်လှစ်လိုပါက NSSA သို့ မပြောင်းရွှေ့မီ (၁၀) ရက်ကြိုတင်၍ အကြောင်းကြားစာပေးပို့ရမည်။

၁၅။ သင်တန်းကျောင်း အုပ်ချုပ်သူပြောင်းလိုပါက အစည်းအဝေးဆုံးဖြတ်ချက်နှင့် မပြောင်းလဲမီ (၇) ရက်ကြိုတင်၍ NSSA သို့ တင်ပြရမည်။

၁၆။ သင်တန်းကျောင်းအား အခြားသူထံ လွှဲပြောင်းလိုပါက ခိုင်လုံသောအကြောင်းပြချက်နှင့် NSSA သို့ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင် ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်ရမည်။

၁၇။ သင်တန်းကျောင်းကို မမျှော်လင့်သော အကြောင်းကိစ္စကြောင့် ရပ်ဆိုင်းလိုပါက ကျန်ရှိသော သင်တန်းကုန်ကျစရိတ်များနှင့်အတူ သင်တန်းသားများအား လုပ်ငန်းအမျိုးအစား တူညီသော အခြားသင်တန်းကျောင်း တစ်ခုခုသို့ စနစ်တကျလွှဲပြောင်းပေးရမည်။

၁၈။ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ အခါအားလျော်စွာ ထုတ်ပြန်သော သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။